**(၆)** ကြံရွက်ဖြူ**ရောဂါ (White leaf of Sugarcane)** (SCWL)

**ရောဂါဖြစ်စေသောသက်ရှိ -** *Sugarcane white leaf phytoplasma*

**ရောဂါလက္ခဏာ**

ကြံရွက်ဖြူရောဂါ (SCWL) ၏ ပထမဆုံး အရွက်လက္ခဏာများမှာ ရွက်ကြော နှင့် အပြိုင် နို့နှစ်ရောင် သို့မဟုတ် အဖြူစင်းများဖြစ်သည်။ ရောဂါတိုးလာသည်နှင့်အမျှ အစင်းကြောင်းများ ပေါင်း၍ ရွက်ပြားတစ်ခုလုံး အပင်၏ သန်စွမ်းမှုလည်း တဖြည်းဖြည်း လျော့နည်းလာသည်။ အရွက် များသည် ကျန်းမာသောအပင်များမှ အရွက်များထက် သေးငယ်ပြီး ပျော့ပျောင်းသော အသွင်အပြင်ဖြစ်ပေါ်ကာ အစိမ်းရောင်ပြယ်သည့် အရွက်နုများအား အပင် ထိပ်ပိုင်းတွင်တွေ့ရသည်။ ရောဂါကျ ရောက်သောအပင်၏ အရွက်များသည် အဖြူရောင် ဖြစ်နေတတ်ပြီး ပင်ပွားများခြင်း၊ ဆစ်ကြားတို ခြင်း တို့ကြောင့် ကြိတ်ခွဲနိုင်သောကြံများ ထုတ်လုပ်နိုင်ခြင်းမရှိပေ။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ရောဂါကင်းသော ကြံမျိုးပိုင်းကို သုံးစွဲပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- ဖြုတ်စိမ်း (Leafhopper) ကြောင့် ရောဂါကူးစက်သဖြင့် ဖြုတ်စိမ်းကို ကာကွယ်နှိမ်နင်းပါ။
- ရောဂါကျ ကြံပင်များအား နှုတ်ယူဖယ်ရှားပစ်ပါ။

- ရောဂါဆိုးရွားစွာကျရောက်ပါက ကြံမဟုတ်သော အခြားသီးနှံပင်များအား သီးလှည့်စိုက်ပျိုးပါ။